
# ဂျပန်သမီးပျိုများနှင့် မက်မုန်ပွဲတော်

• ကမာနီလာ






နှစ်စဉ်မတ်လ ၃ ရက်နေ့ ဆိုရင် မက်မုန်ပန်းပွင့်တဲ့ အချိန်လေ၊ ဒီမက်မုန်ပန်းတွေ ပွင့်ရင်မှတ်မှတ်ရရပွဲတော်အဖြစ် သတ်မှတ်ကြပြီး၊ ဘဝမှာပျော်ရွှင်ပြီးအောင်မြင်မှုတွေ ရရှိနိုင်ကြဖို့ အမျိုးသမီးတွေ စုရုံးပြီး တခုတ်တရအဖြစ် အထူးပွဲတော်ကိုကျင်းပကြပါတယ်။ ဒီပွဲတော်ကို မက်မုန်ပွင့်ပွဲတော် (Momono Sekku 桃の節句) တစ်နည်းအားဖြင့် မိန်းကလေးပွဲတော်၊ အရုပ်ပွဲတော် (Hinamatsuri 雛祭り,ひなまつり)လို့လည်းခေါ်ဝေါ်ကြပါတယ်။

ဂျပန်လို ဟိနမဆုရိလို့ ခေါ်ပါတယ်။ မက်မုံပွဲတော်ဆိုတဲ့ အခေါ်အဝေါ်ကတော့ လူသိနည်းလှပါတယ်။


သမိုင်းနောက်ခံကို ပြန်လှန်လှေ့လာကြည့်လိုက်မယ်ဆိုရင် ဒီပွဲတော်ဟာ တရုတ် ယဉ်ကျေးမှုက ဆင်းသက်လာတာဖြစ်ပါတယ်။ လူငယ်တစ်ဦးရဲ့ ကံမကောင်းမှုတွေ မသန့်ရှင်းတဲ့ အကုသိုလ်အမှုတွေကို အရုပ်တခု ဖန်တီးပြီး အဲဒီအရုပ်ထဲမှာ မကောင်းတာတွေကို ယတြာချေတဲ့ အနေနဲ့ ကိုယ်စားပြု ထည့်ပေးလိုက်ပြီးမှ၊ မြစ် သို့မဟုတ်

ပင်လယ်ထဲသို့နတ်ဆိုးတွေရဲ့တမန်အဖြစ်စေစား စေတဲ့အနေနဲ့၊ မိန်းမငယ်လေးတွေက ရေထဲကို မျှောချပြီး၊မကောင်းမှုတွေဘေးဥပါဒ်တွေပပျောက်ဖို့နဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေရရှိဖို့ ဆုတောင်းကြပါတယ်။

၁၆၁၃-၁၈၆၇ နှစ်များမှာ၊ အရုပ်တွေနဲ့သရုပ်ဖော်တဲ့ သမီးပျိုတို့ရဲ့ပွဲတော်အဖြစ် ယဉ်ကျေးမှုဓလေ့ ထုံးတမ်း အစဉ်အလာတစ်ခုအနေနဲ့ ဂျပန်ပြည်သို့ တရုတ်နိုင်ငံက မိတ်ဆက်ပေးလာခဲ့တာဖြစ်ပြီး၊ အလွန်ချောမောလှပတဲ့ ယောကျ်ားလေး အရုပ်တွေနဲ့ သရုပ်ဆောင်ပေးတဲ့ သမီးငယ်တွေကိုကြည့်ပြီး သမီးရှင်မိခင်တွေက ဂုဏ်ယူကြတယ်။

ဒီပွဲမှာ ဝတ်ဆင်ကြတဲ့ တော်ဝင်နန်းထိုက်တဲ့ အစုံလိုက်အဝတ်အစားများမှာ၊ အထပ်အလွှာ (၁၂) ခုပါရှိပြီး၊ ပွဲတော်ဝတ်ရုံလို့ ခေါ်လေ့ရှိကြပါတယ်။ ဒီပွဲတော်ကို ဟဲအန်းခေတ် (Heian period 平安時代 Heian jidai ) ဖြစ်တဲ့ အေဒီ ၇၉၅ - ၁၁၈၅ ခုနှစ်များမှာရောက်တော့ အလွန်ကိုလူသိများလာတာ ဖြစ်ပါတယ်လို့ သမိုင်းအထောက်အထားတွေက ဆိုပါတယ်။

အဲဒီပွဲတော်မှာ သမီးရှင် မိဘတွေ သူတို့သမီးတွေအတွက်၊ ဟီနနင်းငရော (雛人形 hina-ningyō အရုပ်တွေကို ဝယ်ပေးရပါတယ်။ အရုပ်တွေက အဆင့် (၇)ဆင့်ရှိပြီး၊ အပေါ်ဆုံးမှာတော့ ဘုရင်နဲ့ဘုရင်မ အရုပ်လေးတွေ၊ အောက်ဘက်တွေမှာတော့ မင်းသမီးနဲ့ သူ့အဖော်တွေ အပြင်တေးသီချင်းတီးခတ်ဖျော်ဖြေနေတဲ့ အရုပ်တွေ၊ နန်းတွင်းအရာရှိမင်း အရုပ်တွေအပြင် အသုံးအဆောင်






CamScanner



ပစ္စည်းအရုပ်လေးတွေကို အဆင့်ဆင့်ထားရှိထားပေးပြီး၊ အဲဒီအရုပ်အတွဲလိုက်တွေရဲ့ ဈေးနှုန်းတွေကလည်း ဂျပန် ယန်း ၁၀ သောင်းအထက် (ဒေါ်လာတထောင်ကျော်)၊ အဆင့် (၇) ဆင့် အရုပ် ၁၃ ရုပ်ပါတဲ့ အရုပ်ဆို ယန်းနှစ်သိန်းအထက်ကနေ ယန်းသုံးသိန်းနီးပါး ရှိနေသလို အဆင့် (၃) ဆင့်ပါ အရုပ်ငါးရုပ်ကို ဂျပန်ယန်း ၁၀သောင်းအထက် (ဒေါ်လာတစ်ထောင်ကျော်) အထက်မှာရှိနေပြီး၊ ဘုရင်နဲ့ဘုရင်မအရုပ်နှစ်ရုပ်တည်းပါတာကိုပင် ယန်းရှစ်သောင်းလောက်ရှိနေတတ်ပါတယ်။ သမီးရှင်မိဘတွေကတော့ အဲဒီအရုပ်တွေကို သူတို့ သမီးငယ်လေးတွေအတွက် ငွေကြေးတတ်နိုင်မှုအပေါ် မူတည်ပြီးဝယ်ယူလက်ဆောင်ပေးကြပါတယ်။အဲဒီနေ့မှာပဲဂျပန်ကရှင်တို နတ်ဘုရားကျောင်း တချို့တွေမှာ ပွဲတော်ကျင်းပပြုလုပ်ပေးကြတာမို့ နတ်ဘုရားကျောင်းမှာ နတ်ဆရာရဲ့ဆုတောင်းပေးမှုတွေကိုလည်း တလေးတစားခံယူကြပြီးရောင်စုံထမင်းဟိနအရာရီ(Hina arare ひなあられ)) နဲ့ ပန်းရောင် အစိမ်းရောင် အဖြူရောင်ဆိုးထားတဲ့ ဆန်နဲ့လုပ်တဲ့ ကိတ်ဟိရှိမိုချိ(Hishimochi 菱餅ひしもち)အစားအစာတွေကိုအလှူဒါန ပေးခြင်းအနေနဲ့ အရုပ်တွေရဲ့ ရှေ့မှာ လှူဒါန်းချထားပေးလို့ ပူဇော်ပါတယ်။ အဲဒီပွဲတော်နေ့မှာ ရောင်းချတဲ့အစားအသောက်နဲ့ ပစ္စည်းတွေမှန်သမျှဟာ Hinasama (雛様) လို့ခေါ်တဲ့ အရုပ်ပုံစံလေးတွေနဲ့ ပြုလုပ်ပြီးလည်း ရောင်းချကြပါတယ်။

ဂျပန်ရိုးရာယဉ်ကျေးမှုတွေထဲကတစ်ချို့ဟာ တရုတ်နိုင်ငံက ဆင်းသက်လာတာတွေ ဖြစ်ပေမယ့် သူတပါးတိုင်းပြည်ရဲ့ ရိုးရာယဉ်ကျေးမှုတွေ

ကို မိမိနိုင်ငံနဲ့ ကိုက်ညီမယ့် လုပ်ထုံးလုပ်နည်းတွေအဖြစ် တီထွင်ပြောင်းလဲပြုပြင်ယူပြီး ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်အောင် လုပ်နိုင်စွမ်းရှိတဲ့ ဂျပန်နိုင်ငံကတော့ သူ့လူမျိုး၊ သူ့မြေ၊ သူ့ရေနှင့် သူ့ဓလေ့ထုံးတမ်း အစဉ်လာတွေနဲ့အတူ ချစ်စရာကောင်းလှတယ်လို့ပဲ ဆိုပါရစေ။

ဒါကြောင့် ယဉ်ကျေးမှု ကူးလူးဆက်ဆံတာကို ကြိမ်ဖန်များစွာ ပြုကျင့်ရာကနေ အလေ့အကျင့်၊ အလေ့အကျင့်များစွာမှသည် ထုံးစံ၊ ထုံးစံမှသည်ဓလေ့၊ ဓလေ့များစွာမှသည်ကိုယ်ပိုင်ယဉ်ကျေးမှုသဖွယ် ဖြစ်လာကြတာပဲ ဖြစ်ပါတယ်။







CS CamScanner